**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

**နေ့စွဲ။ ဇူလိုင်လ ၁၆ ရက်၊ ၂၀၂၀ ခုနှစ်။**

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ (၇၃)နှစ်မြောက်**
**ကရင့်အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့နေ့ သို့ ပေးပို့သောသဝဏ်လွှာ**

ယနေ့သည် **ကရင့်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့** ကို ဖွဲ့စည်းတည်ထောင်သော (၇၃) နှစ်မြောက်မင်္ဂလာအခါသမယနေ့ ဖြစ်ပါသည်။ ဤ ၇၃ နှစ်မြောက် **ကရင့်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့** အခါသမယ နေ့ တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ကာကွယ်စောင့်ရှောက်ပေးနေသော ကေအဲန်ဒီအို ကရင်အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင်၊ ရဲဘော်၊ ရဲမေ နှင့် တကွ ကရင်ပြည်သူလူထုအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကေအဲန်ဒီအို-ကရင့်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့သည် ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံး**မှဖွဲ့စည်းတည်ထောင်ခဲ့ပြီးကရင့်တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်ကရင့်အမျိုးသားများ၏နိုင်ငံရေးရပ်တည်ချက်နှင့်ကရင့်အမျိုးသားများအား ဖိနှိပ်မှုအမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ရန်နှင့် ကရင့်အမျိုးသားများ၏ ရည်မှန်းချက်ပန်းတိုင်များကို ပြီးပြည့်စွာ အကောင်အထည်ဖေါ်ဆောင်နိုင်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါသည်။

ကရင့်အမျိုးသားများ၏ သမိုင်းနှင့် ဖြတ်သန်းမှုတစ်လျှောက်တွင် ဖိနှိပ်မှုအမျိုးမျိုးကိုခံစားခဲ့ကြရပါသည်။အထူးသဖြင့် ၁၉၄၂-၁၉၄၅နှစ်များတွင်ကရင့်အမျိုးသားများသည်ရက်စက်ကြမ်းကြုတ်မှုများနှင့်လူမျိုးတုန်းသတ်ဖြတ်မှုကြီးကိုရင်ဆိုင်ခဲ့ကြရပါသည်။ မိမိတို့ ကရင့်အမျိုးသား ခေါင်းဆောင်ကြီးများမှ ထိုခေတ်ထိုအခါကနိုင်ငံရေးအခြေအနေများကိုသုံးသပ်ခဲ့ကြပြီး **ကရင့်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ကို** တည်ထောင်ရန် မရှိမဖြစ် လိုအပ်နေသော အခြေအနေတစ်ရပ်ဖြစ်သည်ဟု တွေ့ရှိခဲ့ကြသောကြောင့် ကရင့် အမျိုးသားလှုပ်ရှားမှုနှင့် ကရင့်အမျိုးသားများအားကာကွယ်နိုင်ရန်အတွက် **ကရင့်အမျိုးသားကာကွယ်ရေး တပ်ဖွဲ့** ကို ၁၉၄၇ခုနှစ်ဇူလိုင်လ(၁၆)ရက်နေ့တွင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

**ကရင့်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ကို** ဖွဲ့စည်းတည်ထောင် ခဲ့ကြသောအချိန်တွင် နယ်မြေအလိုက်အပိုင်းအခြားများ သတ်မှတ်ခဲ့ကြပြီး ခရိုင်တစ်ခရိုင်လျှင် တပ်မဟာတခုစီဖြင့် ဖွဲ့ စည်းခဲ့သည်။အရှေ့ ဖက်ခြမ်းတွင်ဖွဲ့စည်းခဲ့သော တပ်မဟာများမှာ-----

(၁) ကရင်နီ - တပ်မဟာ
(၂) တောင်ငူ - တပ်မဟာ
(၃) ညောင်လေးပင် - တပ်မဟာ
(၄) သထုံ - တပ်မဟာ
(၅) မော်လမြိုင် - တပ်မဟာတို့ ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဖက်၌ ၁၉၄၉ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် **ကရင့်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ကို** ဖွဲ့စည်းတည်ထောင်ခဲ့ကြကာ ကျွန်ုပ်တို့ခေါင်းဆောင်များက **မြစ်ဝကျွန်းပေါ်စစ်တိုင်း** ဟု ခေါ်တွင်စေပြီး တပ်မဟာများကိုလည်း တည်ထောင်ခဲ့ကြပါသည်။

ကရင့်အမျိုးသားသမိုင်းတွင် ကရင်လူမျိုးများသည် လူမျိုးတစ်မျိုး၏ အမျိုးသားအခွင့်အရေး၊တန်းတူရေး၊လွတ်လပ်ရေး ရရှိရန် အတွက် ငြိမ်းချမ်းသောနိုင်ငံရေးနည်းလမ်းဖြင့် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း ဖဆပလ အစိုးရက ကျွန်ုပ်တို့ခေါင်းဆောင်များ၏ တောင်းဆိုမှုကို လက်မခံသည့် အတွက်ကြောင့် နောက်ဆုံးတွင် ကရင့်အမျိုးသား ခေါင်းဆောင်များ ဆွေးနွေးတိုင်ပင်ပြီး မိမိတို့ ကရင်အမျိုးသားများ အခွင့်အရေး၊ တန်းတူရေး၊ လွတ်လပ်ရေး ရရှိရန်နှင့် မိမိအမျိုးသားများကို ကာကွယ်ရန်အတွက် လက်နက်ကိုင် တော်လှန်ရေး ကိုစတင်ဆင်နွှဲရန်ဆုံးဖြတ်ခဲ့သည်။

စတင်ဖွဲ့စည်း တည်ထောင်စဉ် ကာလတွင် မိမိအမျိုးသားများအား ကာကွယ် စောင့်ရှောက်ရေး အတွက်သက်သက်သာ ဖြစ်ပါသည်။ကရင်ပြည်သူ လူထု တစ်ရပ်လုံး မှလည်း မိမိတို့၏ နေရပ်ဒေသအသီး သီးတွင် ပူးပေါင်း ပါဝင်ခဲ့ကြကာ ကရင်အမျိုးသားများ၏ နေထိုင်ရာကျေးရွာများကို မီးတင်ရှို့ခဲ့မှုများနှင့် အကြမ်းဖက်သတ်ဖြတ်မှုများတို့ရန်မှ မိမိတို့၏ ကျေးရွာများ၊ လူထုပိုင်ဆိုင်မှုဥစ္စာပစ္စည်းများနှင့် မိမိတို့၏ အသက်အိုးအိမ်ရာယ်များကို ကာကွယ်ခဲ့ကြပါသည်။ ထို့ကြောင့်၊ **ကရင့်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့** မိမိတို့ ကရင်အမျိုးသားများအတွက် သမိုင်းဝင်တပ်ဖွဲ့ကြီး ဖြစ်ပါသည်။

ထို့အပြင်၊ယနေ့ထက်ထိတိုင်ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံးနှင့်မားမားမတ်မတ် ရပ်တည်နေလျက် ကရင်အမျိုးသားတို့အတွက် အကာအကွယ်ပေးနေသော ကာကွယ်ရေးတပ်ဖွဲ့ဖြစ်ပါသည်။ ထိုနည်းတူစွာပင် **ကရင်အမျိုးသားကာကွယ်ရေးတပ်**သည် လာမည့် ခေတ်အနာဂါတ်တွင်လည်း ကရင့်အမျိုးသားများ၏ကံကြမ္မာကို ဆက်လက်ကာကွယ်စောင့်ရှောက်နေမည်မှာ ဧကန်အမှန်ပင်ဖြစ်ပါသည်။

ယခုမျက်မှောက်ကာလ နိုင်ငံရေးအခြေအနေသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် နိုင်ငံရေးစကားဝိုင်းတွင် တွေ့ဆုံ ဆွေးနွေးဖြေရှင်းနေခြင်းဖြစ်ပါသည်။ ပြည်တွင်းစစ်နှင့်အမျိုးသားရေးပဋိပက္ခကိုဖြစ်ပေါ်စေသော နိုင်ငံရေး ပြဿနာများကို အဖြေရှာနေခြင်းဖြစ်ပါသည်။ ပြည်တွင်းစစ် ဖြစ်ပေါ်လာရ သော အခြေခံအကြောင်းရင်းမှာ တိုင်းရင်းသားလူမျိုးများ၏ တန်းတူအခွင့်အရေး ဆုံးရှုံးခြင်းနှင့် ဒီမိုကရေစီ ပျက်သုဉ်းခြင်း၊ မဟာလူမျိုးကြီးဝါဒကို ကိုင်စွဲသောစစ်အာဏာရှင်စနစ်တို့ကြောင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဖြစ်ရာထိုသို့ဖြေရှင်းရာ၌ စိန်ခေါ်မှုအမြောက်အများနှင့်ရင်ဆိုင်နေရပါသည်။ ထိုသို့သောအခြေအနေတွင် မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီသောနိုင်ငံရေးလုပ်ငန်းစဉ်များကို ချမှတ်လျှက် ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေးဆန္ဒနှင့် အမျိုးသားများ၏ ရည်မှန်းချက်အတိုင်း ကြိုးပမ်းလုပ်ဆောင်နေပေသည်။

သို့ဖြစ်သောကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့်မိမိတို့ကရင်အမျိုးသားများ မျှော်လင့်တောင့်တသော အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ကရင့်ကံကြမ္မာ ကရင်ဖန်တီးပြီး တိုက်ပွဲဝင် ကြိုးပမ်းလျက်ရှိပေရာ ကေအဲန်ဒီအို ကရင်ကာကွယ်ရေးတပ်ဖွဲ့သည်လည်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ နိုင်ငံရေးဦးဆောင်မှုအောက်တွင် ခံယူချက်အပြည့်၊ ခိုင်မာတက်ကြွသောစိတ်ဓါတ်၊ ဖွဲ့သတ္တိရှိရှိ၊ စည်းစည်းလုံးလုံးဖြင့် ရှေ့ဆက်အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းရင်း ဤသဝဏ်လွှာအား ပေးပို့လိုက်ပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**